**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**
**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

စာအမှတ်၊ SSE / NM / ၁၁ /၂၀၂၃

ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊ မေလ ၁၂ ရက်

အကြောင်းအရာ။ **ရေကြောင်းသတိပေးချက်ထုတ်ပြန်ခြင်းကိစ္စ**

ရည်ညွှန်းချက် ။ (၁) မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ (၁၂.၅.၂၀၂၃) ရက်စွဲပါ စာအမှတ်၊ မဇ-၁(၀၁)/၁-၄၃(၂၀၂၃)/၁၉၃၄

(၂) ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ (၅.၅.၂၀၂၃)၊ (၈.၅.၂၀၂၃)၊ (၉.၅.၂၀၂၃)၊ (၁၀.၅.၂၀၂၃) နှင့် (၁၁.၅.၂၀၂၃) ရက်စွဲပါ စာအမှတ်များဖြစ်သည့် SSE/NM/၀၆/၂၀၂၃ ၊ SSE/NM/၀၇/၂၀၂၃ ၊ SSE/NM/ ၀၈/ ၂၀၂၃၊ SSE/NM/၀၉/၂၀၂၃ နှင့် SSE/NM/၁၀/၂၀၂၃

၁။ ဘင်္ဂလားပင်လယ်အော်အတွင်း ဖြစ်ပေါ်နေသည့် အားကောင်းသော ဆိုက်ကလုန်းမုန်တိုင်း "မိုခါ (MOCHA)" နှင့်စပ်လျဉ်း၍ ရည်ညွှန်းချက် (၂) ပါစာများဖြင့် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ရေကြောင်းသတိပေးချက်များ ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

၂။ နောက်ဆက်တွဲခန့်မှန်းချက်အနေဖြင့် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ (၁၂.၅.၂၀၂၃) ရက်နေ့ မြန်မာစံတော်ချိန် (၀၄:၃၀)နာရီအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတွင်ဖြစ်ပေါ်နေသည့် အားကောင်းသော ဆိုက်ကလုန်းမုန်တိုင်း "မိုခါ (MOCHA)" သည် မြောက်ယွန်းယွန်းသို့ရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်-အနောက်တောင်ဘက် ရေမိုင် (၃၂၀) မိုင်ခန့်၊ ဟိုင်းကြီးကျွန်းမြို့၏ အနောက်တောင်ဘက် ရေမိုင် (၄၁၅) မိုင်ခန့်၊ စစ်တွေမြို့၏ တောင်-အနောက်တောင်ဘက် ရေမိုင် (၅၂၀) မိုင်ခန့်၊ အိန္ဒိယနိုင်ငံ ပို့ပလဲယား၏ အနောက်-အနောက်မြောက်ဘက် ရေမိုင် (၂၉၀) မိုင်ခန့်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ဘဇားမြို့၏ တောင်-အနောက်တောင်ဘက် ရေမိုင် (၅၆၅) မိုင်ခန့် အကြား ပင်လယ်ပြင်ကိုဗဟိုပြုနေပါသည်။ အားကောင်းသောဆိုက်ကလုန်းမုန်တိုင်း "မိုခါ (MOCHA)" ၏ လက်ရှိအခြေအနေမှာ ဘင်္ဂလားဒေ့ရှ်-မြန်မာ ကမ်းရိုးတန်းသို့ ဦးတည်ရွေ့လျားနိုင်သည့်အခြေအနေရှိသဖြင့် လိမ္မော်ရောင်အဆင့်ဟု သတ်မှတ်ထားပါသည်။

၃။ အဆိုပါ အားကောင်းသောဆိုက်ကလုန်းမုန်တိုင်း "မိုခါ (MOCHA)" သည် (၁၂.၅.၂၀၂၃) ရက်နေ့ မြန်မာစံတော်ချိန် (၀၄:၃၀) နာရီအချိန်တွင် မြောက်လတ္တီကျူ (၁၂.၈) ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ (၈၈.၀) ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား (၉၉၁) ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီမိုင် (၆၀)မှ (၇၀) နှုန်းခန့်ဖြစ်ပါသည်။ အဆိုပါ အားကောင်းသော ဆိုက်ကလုန်းမုန်တိုင်း "မိုခါ (MOCHA)" သည် နောက် (၆) နာရီအတွင်း မြောက်–အရှေ့မြောက်ဘက်သို့ရွေ့လျားနိုင်ပြီး ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်း၌ အားအလွန်ကောင်းသော ဆိုက်ကလုန်းမုန်တိုင်း "မိုခါ (MOCHA)" အဖြစ်သို့ ရောက်ရှိနိုင်ပြီး မြောက်–အရှေ့မြောက်ဘက်သို့ဆက်လက်ရွေ့လျားနိုင်ကာ (၁၄.၅.၂၀၂၃) ရက်နေ့တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ဘဇားမြို့နှင့် မြန်မာနိုင်ငံ ကျောက်ဖြူမြို့တို့ကြား စစ်တွေမြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်နိုင်သည်ဟု ခန့်မှန်းထားပါသည်။

၄။ သို့ဖြစ်ပါ၍ (၁၂.၅.၂၀၂၃) ရက်နေ့နံနက်မှ (၁၄.၅.၂၀၂၃) ရက်နေ့အတွင်း မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအလွန်ကြီးနိုင်ပါသည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီမိုင် (၉၀) မှ (၁၁၀) ခန့်အထိ တိုက်ခတ်နိုင်ပြီး လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် (၁၃)ပေမှ (၁၆)ပေခန့် ရှိနိုင်ပါသည်။ မုတ္တမကွေ့၊ မွန်–တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်ကြောင်းနှင့် မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီ မိုင်(၄၀) မှ (၄၅)ခန့်အထိ တိုက်ခတ်နိုင်ကြောင်း၊ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန်–တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် (၉)ပေ မှ (၁၂)ပေခန့် ရှိနိုင်ကြောင်း ခန့်မှန်းထားပါသည်။

၅။ အားကောင်းသောဆိုက်ကလုန်းမုန်တိုင်း "မိုခါ (MOCHA)" ၏အရှိန်ကြောင့် နောက် (၂၄) နာရီအတွင်း မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီမိုင်(၄၀) မှ (၄၅) ခန့်အထိ တိုက်ခတ်နိုင်သည်ဟု ခန့်မှန်းထားပါသည်။

၆။ (၁၃.၅.၂၀၂၃) ရက်နေ့မှ (၁၅.၅.၂၀၂၃) ရက်နေ့အတွင်း ရခိုင်ပြည်နယ်တွင် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီမိုင် (၁၀၀) မှ (၁၁၀) ခန့်အထိ၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး (အောက်ပိုင်း)၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်း

ဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီမိုင် (၄၀) မှ (၆၀) ခန့်အထိ တိုက်ခတ်နိုင်သည်ဟု ခန့်မှန်းထားပါသည်။ မုန်တိုင်းဖြတ်ကျော်စဉ် မုန်တိုင်းဒီရေမှာ ရခိုင်ပြည်နယ် စစ်တွေခရိုင်၊ မောင်တောခရိုင်တို့ရှိ မြစ်ဝမြစ်လက်တက်များအတွင်း (၁၀)ပေမှ (၁၄)ပေခန့်အထိနှင့် ကျောက်ဖြူခရိုင်ရှိ မြစ်ဝမြစ်လက်တက်များအတွင်း (၇)ပေမှ (၁၀)ပေခန့် အထိ မြင့်တက်လာနိုင်ကြောင်း ခန့်မှန်းထားပါသည်။

၇။ အဆိုပါခန့်မှန်းချက်အရ အားကောင်းသောဆိုက်ကလုန်းမုန်တိုင်း “မိုခါ (MOCHA)” ၏ အရှိန်ကြောင့် လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြီးခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် လှိုင်းကြီးခြင်းများ ဖြစ်ပေါ်လာနိုင်သဖြင့် (၁၂.၅.၂၀၂၃) ရက်နေ့မှ (၁၅.၅.၂၀၂၃) ရက်နေ့အတွင်း မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်၊ ကမ်းလွန်ပင်လယ်ပြင်နှင့် မြစ်ဝမြစ်လက်တက်များအတွင်း ခုတ်မောင်းသွားလာလျက်ရှိသော/ခိုလှုံရပ်နားလျက်ရှိသော ကမ်းရိုးတန်းသွားရေယာဉ်များ၊ ငါးဖမ်းရေယာဉ်များ၊ ရေယာဉ်ကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ အပျော်စီးခရီးသွားလှေများ၊ ပြည်တွင်းရေကြောင်းသွားရေယာဉ်များနှင့် စက်တပ်သမ္ဗာန်များ ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် အရေးပေါ်စီမံချက်များအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် ရေကြောင်းသတိပေးချက် (Notice to Mariners) အား ထုတ်ပြန်ကြေညာအပ်ပါသည်။

ခေတ္တညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
မိုးကျော်-ညွှန်ကြားရေးမှူး(SSE)